# ကျေးလက်ကျန်းမာရေးဌာနများ၌ မြွေကိုက်လူနာပြုစုကုသခြင်း

မြွေကိုက်ရောဂါထိန်းသိမ်းရေးစီမံချက်

မကူးစက်နိုင်သောရောဂါများကာကွယ်နှိမ်နင်းရေးဌာနခွဲ

# မြန်မာနိုင်ငံရှိ အရေးကြီးသော အဆိပ်ပြင်းမြွေများနှင့် ၎င်းတို့၏သဘာဝ

- မြန်မာနိုင်ငံတွင် လူကိုအန္တရာယ်ပြုသည့် အဓိကအဆိပ်ပြင်းမြွေ အမျိုးအစားများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(က) မြွေပွေး

(ခ) မြွေဟောက်

(ဂ) ငန်းတော်ကျားနှင့် အမျိုးအနွယ်သံကွင်းစွပ်မြွေများ

(ဃ) ဂျပ်မြွေ

(င) မြွေစိမ်းမြီးခြောက်

- မြွေတို့သည် တွင်း၊ သစ်ခေါင်း၊ သစ်ပုံ၊ ချုံပုတ်၊ ကောက်လှိုင်းပုံ၊ ဝါးပုံ၊ သစ်ပင်ပေါ်စသည်တို့၌ ခိုအောင်းနေထိုင်တတ်ကြသည်။
- အစာစားရန်နှင့် မိတ်လိုက်ရန် အပြင်သို့ ထွက်လေ့ရှိပြီး ရေလည်း ကူးတတ်ပါသည်။
- မိုးရာသီနှင့် ဆောင်းရာသီတွင် မိတ်လိုက်လေ့ရှိကြသည်။ လူများကို ကြောက်လန့် တတ်သည့် သဘာဝရှိပြီး လူသံကြားလျှင် ရှောင်ရှား သွားတတ်ကြသည်။
- လူနှင့်နီးစပ်လွန်း၍ ဖြစ်စေ၊ တက်နင်းမိ၍ဖြစ်စေ လူကိုကိုက်ခြင်း ဖြစ်သည်။
- ကြွက်၊ ကြက်၊ ငှက်၊ ပုတ်သင်၊ ဖား၊ ရှဉ့် စသည်တို့ သည် မြွေများ နှစ်သက်သည့် အစားအစာများဖြစ်သည်။

# မြွေပွေး

- မြွေပွေးသည် အမည်နာမအတိုင်း ကိုယ်ပေါ်တွင် ပွေးကွက်သဏ္ဍာန် အတန်း(၃)တန်း ရှိပါ သည်။
- အလယ်ကျောရိုးတစ်လျှောက်မှအတန်းမှာ အကွက်ကြီးများဖြစ်ပြီး ဘေးနှစ်ဖက်မှာ အကွက် သေးများဖြစ်ပါသည်။
- စပါးကြီးမြွေစသော အခြားအကွက်ပါသော မြွေများနှင့် ကွာခြားချက်မှ စပါးကြီးမြွေအကွက်များမှာ မညီမညာဖြစ်ပါသည်။
- မြွေပွေး၏ဦးခေါင်းမှာ မြားဦးကဲ့သို့ သုံးမြှောင့် သဏ္ဍာန်ရှိပြီး အကြေးခွံအသေးများရှိပါသည်။
- ရှည်၍ချွန်ထက်သော အစွယ်များသည်လည်း လက်မဝက်ခန့်အထိ ရှိကြသည်။

Eastern Russells' viper (မြွေပွေး) ကျောဘက်မှ မြင်ရပုံ



Eastern Russells' viper (မြွေပွေး) ဝမ်းဗိုက်မှ မြင်ရပုံ



# မြွေပွေး

- တောင်သူလယ်သမားများအား ဒုက္ခအပေးဆုံးသတ္တဝါဖြစ်ပြီး မြွေဆိုး ကိုက်ခံရမှု၏ (၉၀) ရာခိုင်နှုန်းကျော်မှာ မြွေပွေးကြောင့်ဖြစ်သည်။
- မြွေပွေးသည် ညဲဂုတ်၊ စက်တင်ဘာလများတွင် သားပေါက်ပြီး တစ်ကြိမ်လျှင် အကောင် ၂၀ မှ ၆၀ ခန့်အထိ အကောင်လိုက် မွေးဖွား ကြသည်။
- ကမ္ဘာပေါ်တွင် မြွေပွေးမျိုးကွဲ (၅) မျိုးခန့်ရှိပြီး မြန်မာနိုင်ငံရှိ မြွေပွေးအမျိုးအစား သည် အခြားနိုင်ငံများရှိ အမျိုးအစားများ နှင့် ကွဲပြားခြားနားသည်။
- တစ်နိုင်ငံထဲ၌ပင်လျှင် ဒေသကို လိုက်၍ မြွေအဆိပ် အနည်းငယ် ကွဲပြားတတ်သည်။

# မြွေပွေး

- မြွေပွေးကို စပါးထွက်သည့် မြေပြန့်တွင် အများ အပြား တွေ့ရ တတ် သည်။
- တွင်းနှင့်ပက်ကြားအက်မြေများတွင် နေထိုင်တတ်ကြပြီး မြက်တော နှင့် စပါးပင်များအကြားတွင် ငြိမ်သက်စွာခွေ နေတတ်သည်။
- နီးကပ်လွန်းလျှင်သော်လည်းကောင်း၊ မတော်တဆထိမိ၊ နင်းမိပါက လည်းကောင်း ကိုက်တတ်သည်။
- ရေကြီးမှုစသည့် သဘာဝ ဘေးအန္တရာယ်ကျရောက်သည့်အခါ ဘေးကင်းရာ နေရာရှာရင်း လူတို့နေထိုင်ရာသို့ ရောက်ရှိလာပြီး အန္တရာယ်ပြုတတ်သည်။

# Head & Back of the Russell's viper





# မြွေဟောက်

- မြွေဟောက်အနွယ်ဝင် မြွေများ၏ ဝိသေသ လက္ခဏာမှာ အထက် မေးရိုးရှိ တတိယအကြေးခွံသည် ကြီးမားပြီး မျက်လုံး နှင့် နှာခေါင်း အကြေးခွံတို့ကို ထိစပ်နေသည်။
- အထက်မေးရိုး အရှေ့ပိုင်း တွင် တို၍မလှုပ်ရှားသော အစွယ်(၂) ချောင်း ရှိပြီး ကိုက်သည့်အခါ ဝါးသလို ခဲထားတတ်သည်။
- ပါးပျဉ်းထောင်ပြီးအသံပေးတတ်ပါသည်။
- (၄)လက်မအထိ ကျယ်ပြန့် သော ပါးပျဉ်းခွက်တတ်ပြီး ကားနိုင်သည်။



# မြွေဟောက်

- ဦးခေါင်းနောက် တွင် အဝိုင်းပုံအမှတ်အသား (သို့မဟုတ်) လည်ပင်း ရှေ့တွင် ကန့်လန့် အမည်းစင်း (၂)ခုတို့ကို တွေ့မြင်နိုင်သည်။
- မြွေဟောက်ကို မြေညီလွင်ပြင်၊ သစ်တော၊ သစ်ပင်နှင့် ချုံနွယ် ပိတ်ပေါင်းများတွင် အများအား ဖြင့် တွေ့ရတတ်ပြီး ညနေစောင်းနှင့် ညဦးပိုင်းတွင် အစာရှာထွက်လေ့ရှိသည်။
- မြွေဟောက်သည် ထိမိနင်းမိမှသာ ကိုက်တတ်သည်။



# Cobra back





# Cobra 3rd supralabial scale



# မှုတ်သောမြွေဟောက်

- မှုတ်သောမြွေဟောက်များသည် ကြောက်လန့်သည့်အခါတွင် ၎င်းတို့ ၏ အဆိပ်များကို ရန်သူ၏ မျက်နှာကို ဦးတည်၍ မှုတ်တတ်ပြီး (၆)ပေမှ (၉)ပေ အကွာအဝေးအထိ ရောက်ရှိ နိုင်ပါသည်။
- များသောအားဖြင့် မျက်လုံးထဲသို့ ဝင်တတ် သည်။
- လည်ပင်းနောက်တွင် အမှတ်အသား မပါဘဲ လည်ပင်းရှေ့တွင် အမည်းစင်း (၂)ခုပါရှိပါသည်။
- မျက်လုံး ထဲ ဝင်သည့်အခါ ရေများများနှင့် ဆေးကြောပြီး ဆရာဝန် ထံပြသ၍ ဆေးကုသမှုခံယူပါ။



# တောကြီးမြွေဟောက်/ငန်းပုပ်

- ငန်းပုပ်သည် မြွေဟောက် အမျိုးအနွယ်ဖြစ်သည်။
- ငန်းပုပ်သည် ကမ္ဘာပေါ်တွင် အလျား အရှည်ဆုံးနှင့် အရွယ်အစား အကြီးဆုံးသော အဆိပ်ပြင်းမြွေ ဖြစ်သည်။
- (၁၈)ပေခန့် ရှည်နိုင်သည်။ ဦးခေါင်း ငယ်သည်။
- ကြောက်မက်ဖွယ်ကောင်းပြီး စိတ်တိုတတ်သည်။
- အရောင်သည် မီးခိုးရောင်၊ အဝါနု၊ အမည်းများဖြစ်သည်။



# တောကြီးမြွေဟောက်/ငန်းပုပ်

- ကန့်လန့်ဖြတ် အမည်း ရောင် အစွေလိုင်းများ ရှိတတ်သည်။
- ဝမ်းဗိုက်သည် အရောင် ဖျော့သည်။
- တောကြီးမြွေဟောက်/ ငန်းပုပ်သည်ကမ္ဘာပေါ်တွင် အသိုက်လုပ်ပြီး ဥ ဥတတ်သည့်တစ်မျိုးတည်းသော မြွေအမျိုး အစားဖြစ်သည်။
- အကိုက်ခံရပါက နာရီဝက်အတွင်း သေနိုင်သည်။



# King Cobra





# ငန်းတော်ကျားနှင့် အမျိုးအနွယ် သံကွင်းစွပ်မြွေများ

## ငန်းတော်ကြား

- ကျောရိုးချွန်ပြီးကိုယ်သည် သုံးမြောင့် သဏ္ဍာန်ရှိသည်။
- ကျောရိုးတစ်လျောက် အကွက်များသည် အကြီး ဆုံးဖြစ်ပြီး ခြောက်ထောင့်ပုံရှိသည်။ အမြီးမှာလည်း တုံးပါသည်။
- ငန်းတော်ကျားအကိုက်ခံရသည့် လက္ခဏာများမှာ မြွေဟောက်နှင့် အတူတူပင်ဖြစ်သည်။



# Krait



# ငန်းတော်ကျားနှင့် အမျိုးအနွယ် သံကွင်းစွပ်မြွေများ

## သံကွင်းစွပ်

- ဦးခေါင်းပိုင်းသည် ဝိုင်း၍ အနက်ရောင်ရှိသည်။
- ခန္ဓာကိုယ်မှာ မည်းနက်ပြီး ကန့်လန့် ဖြတ်အဖြူရောင် အစင်းများရှိ သည်။
- ဗိုက်မှာ အဖြူရောင်ရှိပြီး ခန္ဓာကိုယ် အရှည် ၃-၄ ပေခန့်ရှိသည်။
- မျက်လုံးမှာ သေးငယ်၍ တွေ့မြင်ရန် ခဲယဉ်းသည်။



# Common Krait



Red-headed krait *(Bungarus flaviceps) Thailand*



# Sea Krait



# ဂျပ်မြွေ

- ဂျပ်မြွေများသည် ပင်လယ်နှင့်နီးသော မြစ်ချောင်းများနှင့် ပင်လယ် ကမ်းစပ်တွင် နေထိုင်ကျက်စားတတ်ကြသည်။
- မြွေပုံသဏ္ဌာန်၏ ထူးခြား ချက်မှာ အမြီးပြားနေခြင်းဖြစ်သည်။ ကမ်းစပ်နံဘေး နှင့် ကျောက်ဆောင်ကြားများတွင် နေတတ်ပြီး ပင်ကိုယ်အားဖြင့် ရန်မမူတတ်ပါ။
- သို့သော်လည်း ရေလုပ်သားများ၏ ငါးဖမ်းပိုက်များတွင် ပါလာ တတ်၍ အထူးသတိပြုရန် လိုပါသည်။



# Sea snake



# မြွေစိမ်းမြီးခြောက်

- အစိမ်းရောင်ရှိပြီး အမြီးမှာ နီညိုရောင်ရှိသည်။ ဦးခေါင်းမှ အမြီးအထိ အဖြူလိုင်းများ ရှိတတ်သည်။ ဦးခေါင်းပေါ်ရှိ အကြေးခွံများသေးသည်။ မြွေစိမ်းမြီးခြောက်သည် မြွေပွေးအုပ်စုထဲတွင် ပါရှိ၍ ဦးခေါင်းသည် တြိဂံပုံရှိသည်။ နှာခေါင်းနှင့် မျက်လုံး ကြားတွင် အပူထောက်လှမ်းနိုင်သော အချိုင့်ရှိသည်။




# Green snake head & sensor



# Green pit viper





**Key Identification Feature-** large plate scales on the head

# PIT VIPER

Haemotoxic venom.
Causes Renal failure
Late onset envenoming

# Venom appratus

